# ပြည်မြန်မာ

အချပ်ပို

Supplement A






## ဝါဆိုဆရာတော်ကြီး၏ ဥဒ္ဒကဝါဟနပူဇာ အခမ်းအနားနှင့် အနီ အစိမ်း တို့၏ သဟဇာတ

စာ-B





## ရာထူးမှ မထွက်ရန် တောင်းဆိုခဲ့ကြသော်လည်း မွန်ပြည်နယ်ဝန်ကြီးချုပ် တာဝန်မှ ဦးမင်းမင်းဦး နုတ်ထွက်စာတင်

စာ-B



## လူတွေကို တုန်လှုပ်ချောက်ချားစေချင်တာကြောင့် လေဆိပ်ကို ရွေးချယ်တာလို့ ကောက်ချက်ချနိုင်တယ်

ဦးကိုနီကိစ္စ ပြန်ကြားရေးဝန်ကြီး ဒေါက်တာပေမြင့်နှင့် တွေ့ဆုံမေးမြန်းခြင်း

စာ-C



## တေးရေး နိုင်မြန်မာ ဂီတသက်တမ်း ၃၇ နှစ်ပြည့် ဂီတပျော်ပွဲ

စာ-ဂ



## Father Land ကုမ္ပဏီ ပိုင်ရှင် ဦးကျော်မြင့်အား အလုပ်ကြမ်းနှင့် ထောင်ဒဏ်ငါးနှစ်စီ တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချ

စာ-C






www.free4reader.com

# ပြည်မြန်မာ သတင်းဂျာနယ်

PYI MYANMAR NEWS JOURNAL






www.pyimyanmarnews.com အမှတ် (၁၀၆၄) 23-2-2017 ( ကြာသပတေးနေ့ )


# ရန်ကုန်မြို့အတွက် လျှပ်စစ်ပေးမည့် တူရကီဓာတ်အားပေးသင်္ဘောကို ဆောင်ရွက်ရန်မသင့်ကြောင်း စီမံ/ဘဏ္ဍာဝန်ကြီးဌာနက မှတ်ချက်ပြုထား၍ အစီအစဉ် ရပ်တန့်နေ


မေငယ်

ဓာတ်ပုံ - နိုင်းနိုင်

တူရကီနိုင်ငံမှ လျှပ်စစ်ဓာတ်အားပေးသင်္ဘောဖြင့် ရန်ကုန်မြို့အတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမည့်အစီအစဉ်မှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဆောင်ရွက်ရန်မသင့်ကြောင်း မှတ်ချက်ပြုထားသောကြောင့် ရပ်တန့်နေကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဦးဆောင်ညွှန်ကြားရေးမှူး(လျှပ်စစ်ထုတ်လုပ်ရေးဌာန)ဦးခင်မောင်ဝင်းက ပြည်မြန်မာသတင်းဂျာနယ်သို့ ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြောသည်။

"လောလောဆယ်တော့ ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာရေးရှုထောင့်ကနေပြီးတော့ ဆောင်ရွက်ရန်မသင့်ပါတဲ့၊ ကျွန်တော်တို့ကို ဘတ်ဂျက်က ချလည်းမပေးဘူးဆိုတော့ လောလောဆယ်မှာ အားလုံးရပ်နေတယ်၊ ဘာမှရှေ့မတိုးပါဘူး။ လတ်တလော ရပ်နေတဲ့အနေထားပါ။ သူတို့က ဆောင်ရွက်ရန်မသင့်ပါဆိုပြီး ပြောထားတဲ့ကြားကနေပြီးတော့ ဒီဘက်ဌာနက ဘာတွေလုပ်နေလဲလို့ ကျွန်တော်တို့ကို မေးတဲ့အခါကျတော့ ဘာမှမလုပ်ပါဘူးဗျာ ရပ်ထားပါတယ်လို့ ပြောလိုက်ပါတယ်"ဟု ယင်းက ဆိုသည်။ တူရကီနိုင်ငံ Karadeniz Holding ကုမ္ပဏီပိုင် Onur Sultan အမည်ရှိ ဓာတ်အားပေးသင်္ဘောသည် . . .


စာ - ၅


ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင် မဂ်လာဒုံရှိ စာ - ၁၉
ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းသို့ လာရောက်လှူဒါန်း

အင်ပူမြို့ဟောင်းအနီး ကြေးဖြင့် ပြုလုပ်ထားသော
အမျိုးသမီးရုပ်တုတစ်ခု တွေ့ရှိပြီး စာ - ၁၅
ဘုရင်မရုပ်လော၊ နတ်ရုပ်လော မသိရသေး

ရန်ကုန်မြို့တွင်း - မင်္ဂလာဒုံလေဆိပ် - ဟံသာဝတီလေဆိပ်တို့ကို
ဆက်သွယ်မည့် မိုးပျံရထားလမ်းကြောင်းအတွက်
ဂျပန်နှင့် ကိုရီးယားတို့ လေ့လာမည် စာ - ၃

သကြၤန်ပွဲတော်တွင် ခရိုင်လေးခု၌ မဏ္ဍပ်တစ်ခုစီ
ဆောက်ခွင့်ပြုမည်ဟု ဝန်ကြီးချုပ် ပြောကြား စာ - ၁၀

# ရန်ကုန်ရှိ ပြည်လမ်းဘူတာအား စံအဖြစ် သတ်မှတ်ကာ အခြားဘူတာများကိုလည်း ထိုကဲ့သို့ အဆင့်မြှင့်သွားမည်


စာ - ၁၈



သီဟ

Photo - Chit Ya Aung (FB)







www.free4reader.com

# ရန်ကုန် မြို့တွင်း - မင်္ဂလာဒုံလေဆိပ် - ဟံသာဝတီလေဆိပ်တို့ကို ဆက်သွယ်မည့် မိုးပျံရထားလမ်းကြောင်းအတွက် ဂျပန်နှင့်ကိုရီးယားတို့ လေ့လာမည်

ရန်ကုန် မြို့တွင်း-မင်္ဂလာဒုံလေဆိပ် -ဟံသာဝတီလေဆိပ်တို့ကို ဆက်သွယ်မည့် မိုးပျံရထားလမ်းကြောင်းအတွက် ဂျပန်နိုင်ငံနှင့်ကိုရီးယားနိုင်ငံတို့က လေ့လာမှုများစတင်နေပြီဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန (မြန်မာ့မီးရထား) တာဝန်ရှိသူက ပြည်မြန်မာသတင်းဂျာနယ်သို့ပြောသည်။

အဆိုပါ လမ်းအတွက် လတ်တလော စိတ်ဝင်စားနေသောနိုင်ငံများအနေဖြင့် လမ်းကြောင်း သုတေသနလုပ်ငန်းများကို စတင်ရန် ဆွေးနွေးလျက်ရှိပြီး စီမံကိန်းတစ်ခုလုံးအတွက် ငွေကြေးကုန်ကျမှုကိုမူ အသေးစိတ် ထပ်မံတွက်ချက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းလုပ်ဆောင်ရန်အတွက် လုပ်ဆောင်မည့် ကုမ္ပဏီများကို တင်ဒါခေါ်မည်ဖြစ်ကြောင်း သိရသည်၊

"ဟံသာဝတီလေဆိပ်ကတော့တင်ဒါအောင်ပြီးတော့လေဆိပ်အတွက် စပြီးတော့ လုပ်နေပြီပေါ့နော်၊ နိုင်ငံတကာ လေဆိပ်က ဟံသာဝတီမှာ ဖြစ်မှာဆိုတော့ ရန်ကုန်နဲ့ဆက်သွယ်ဖို့အတွက်ကို ကားလမ်းရော ရထားလမ်းရော စဉ်းစားနေတာပေါ့၊ **ကားလမ်းလည်းလိုမယ်၊ ရထားလမ်းကတော့မင်္ဂလာဒုံလေဆိပ်က ကျတော့ပြည်တွင်းဖြစ်သွားမှာပေါ့နော်၊ ဖြစ်မယ်ဆိုတော့ ရန်ကုန် မြို့တွင်းရယ် မင်္ဂလာဒုံ လေဆိပ်ရယ် ဟံသာဝတီလေဆိပ်ရယ် ဆက်သွယ်မယ့်လမ်းကြောင်းကို လုပ်ဖို့စဉ်းစားထားတယ်၊ MRT လို့ခေါ်တဲ့ ရထားတွေက ဟံသာဝတီလေဆိပ်က ထွက်တဲ့ခါမှာ လမ်းကြောင်းက မိုးပျံရထား ဖြစ်ဖို့များတာပေါ့၊** အဲဒါကိုလုပ်ဖို့အတွက် စတာပါ" ဟု ယင်းတာ ဝန်ရှိသူကပြောသည်၊

မိုးပျံရထားစီမံကိန်း ကည်ဆောက်ရန် လုပ်ငန်းစဉ်အဆင့်ဆင့်ကို လုပ်မဆောင်ရှိနေသေးသည့်အပြင် ရင်းနှီးမြှုပ်နှံမှုလည်း များပြားသောကြောင့် လာ**မည့် ငါးနှစ်ခန့်မှသာ စတင်နိုင်မည်ဟု ခန့်မှန်းထားကြောင်း၊** အဆိုပါလမ်းတည်ဆောက်ဖြစ်ပါက ယာဉ်ကြောပိတ်ဆို့ခြင်း၊ နိုင်ငံတကာ လေကြောင်းလိုင်းများ၊ ပြည်တွင်းလေကြောင်းလိုင်းများအချိတ်အဆက်လည်း ပိုမိုလွယ်ကူလျင်မြန်ချောမွေ့လာမည် ဖြစ်ကြောင်း သိရသည်။

"ဟံသာဝတီလေဆိပ်ဆောက်မှာဆိုဆောက်လို့ရှိရင် ရန်ကုန်မြို့တွင်းနဲ့လျင်လျင်မြန်မြန်နဲ့သွားနိုင်တဲ့ကားလမ်း ရထားလမ်း ရှိမှပဲ အဲဒီလေဆိပ်ကြီးက လာတဲ့ခရီးသည်အတွက်က အဆင်ပြေမှာလေ၊ အဲတော့ Public Transportation ကိုနိုင်ငံတကာမှာလည်း ဒီလိုပဲ လုပ်ပေးရတာပေါ့၊ ကျွန်တော်တို့ကလည်း အဲဒီလေဆိပ်ကြီးရဲ့ efficient ဖြစ်မှုအတွက် လိုအပ်တာ ဖြစ်လို့ မိုးပျံရထားလမ်းလိုမျိုး မြို့လုပ်ဖို့စီစဉ်တာပါ"ဟု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးအောင်ရဲထွန်းက ပြည်မြန်မာသတင်းဂျာနယ်ကို ပြောသည်၊

မေငယ် (ဓာတ်ပုံ -မြန်မာ့မီးရထား)


မြန်မာ့မီးရထားက ပြေးဆွဲမည့်မီးရထားတစ်စင်းကို တွေ့မြင်ရစဉ်

# ကမ္ဘာ့ရှေးဟောင်းအဆောက်အအုံထိန်းသိမ်းသည့် နည်းပညာများအသုံးပြု၍ မီးရထားရုံးချုပ်ဟောင်းကို ကြယ်ငါးပွင့်အဆင့် ဟိုတယ်အဖြစ် ပြန်လည်ဖွင့်လှစ်မည်



ရန်ကုန်မြို့၏ Landmark စီမံကိန်းတွင်ပါဝင်သည့် **မြန်မာ့မီးရထားရုံးချုပ်ဟောင်းကို ကမ္ဘာ့ရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းသည့် နည်းပညာများအသုံးပြု၍ ကြယ်ငါးပွင့်အဆင့်ဟိုတယ်အဖြစ် ပြန် လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း** သိရသည်။

အဆိုပါစီမံကိန်းစတင်ရန်အတွက် ပန္နက်တင်အခမ်းအနားကို ဖေဖော်ဝါရီလ ၁၆ရက်က ဆောင်ရွက်ခဲ့ပြီး **စီမံကိန်းတစ်ခုလုံးကို ၂၀၂၁ခုနှစ်တွင်အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း** သိရသည်။ "ဒီအဆောက်အအုံဟာ **၁၈၈၀ပြည့်နှစ်ကတည်းကစပြီး အဆင့်လိုက်အပိုင်းလိုက်တည်ဆောက်ခဲ့တဲ့အဆောက်အအုံဖြစ်တယ်၊** ကျွန်တော်တို့နဲ့ပူးပေါင်းဆောင်ရွက်သူတွေကလည်း အဓိကကတော့ ရှေးဟောင်းအမွေအနှစ်လက်ရာတွေမပျက်စေဘဲ ခေတ်သစ်အဆောက်အအုံတစ်ခုအဖြစ် ဆောင်ရွက်သွားမှာပါ"ဟု FMI ၏ဘဏ္ဍာရေးအမှုဆောင်အရာရှိချုပ် ဦးထွန်းထွန်းက ပြောသည်။

ထိုမီးရထားရုံးချုပ်ဟောင်းကိုပြန်လည်ပြုပြင်ရာတွင် ကမ္ဘာပေါ်၌အသုံးပြုလျက်ရှိသည့် ရှေးဟောင်းအဆောက်အအုံထိန်းသိမ်းသည့်နည်းပညာဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မည့်အဖွဲ့တွင် ပြည်ပနိုင်ငံများရှိရှေးဟောင်းအဆောက်အအုံများကိုထိန်းသိမ်းသည့် စီမံကိန်းများတွင်ပါဝင်သော ဗြိတိသျှပညာရှင်များနှင့် နိုင်ငံခြားပညာရှင်များပါဝင်ကြောင်း သိရသည်။ "ဒီအဆောက်အအုံကြီး နေရာမှာ ဟိုတယ်တစ်ခုအနေနဲ့ဖြစ်လာမယ်ဆိုရင် မြန်မာနိုင်ငံအတွက်ဂုဏ်ရှိသလို နိုင်ငံတကာခရီးသွား ဧည့်သည်တွေအတွက်လည်း နေချင်စဖွယ်ရှေးဟောင်းအမွေအနှစ်တွေနဲ့ အဆောက်အအုံ ကြီးတစ်ခုမှာ ကိုယ်တိုင်တည်းခိုခွင့်ရလာတော့မှာဖြစ်ပါတယ်၊" ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက အဆိုပါအခမ်းအနားတွင် ပြောသည်၊

စီမံကိန်းပါမီးရထားရုံးချုပ်ဟောင်းကို ပြန်လည်ဖွင့်လှစ်ရာတွင် **The Peninsula Yangon အမည်ဖြင့်ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပြီး** စီမံကိန်းတစ်ခုလုံးတွင် ဒီဇိုင်းပညာရှင် Cecil Balmond OBEက ဒီဇိုင်း ရေးဆွဲထားသော နာမည်ကြီး Peninsula အမှတ်တံဆိပ် လူနေအိမ်ခန်းများ၊ Great A အဆင့်ရှိရုံးခန်းပါသော တာဝါနှစ်ခု၊ စီးပွားရေးလုပ်ငန်းသုံး ဟိုတယ်တစ်လုံး၊ ဝန်ဆောင်မှုပါရှိသော လူနေအိမ်ခန်းနှင့် ၎င်းတို့အားလုံးနှင့်ချိတ်ဆက်ထားသော လက်လီအရောင်းဆိုင်ခန်းတွဲတစ်ခုတို့ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

နင်းနဝေ (ဓာတ်ပုံ -မျိုးကျော်စိုး)



VISA everywhere you want to be

www.free4reader.com

# ရန်ကုန်မြို့အတွက်လျှပ်စစ်ပေးမည့် တူရကီလျှပ်စစ်ဓာတ်အားပေးသင်္ဘောကို ဆောင်ရွက်ရန်မသင့်ကြောင်း စီမံ/ဘဏ္ဍာဝန်ကြီးဌာနက မှတ်ချက်ပြုထား၍ ရပ်တန့်နေ


ဓာတ်ပုံ - နှင်းနုဝေ

တူရကီနိုင်ငံမှ လျှပ်စစ်ဓာတ်အားပေးသင်္ဘောဖြင့် ရန်ကုန်မြို့အတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမည့်အစီအစဉ်မှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဆောင်ရွက်ရန်မသင့်ကြောင်း မှတ်ချက်ပြုထားသောကြောင့် ရပ်တန့်နေကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဦးဆောင်ညွှန်ကြားရေးမှူး (လျှပ်စစ်ထုတ်လုပ်ရေးဌာန) ဦးခင်မောင်ဝင်းက ပြည်မြန်မာ သတင်းဂျာနယ်သို့ ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြောသည်။

**ဘဏ္ဍာရေးရှုထောင့်မှ**

"**လောလောဆယ်တော့ ဘဏ္ဍာရေးဝန်ကြီးဌာနကဘဏ္ဍာရေးရှုထောင့်ကနေပြီးတော့ ဆောင်ရွက်ရန်မသင့်ပါဘဲ၊** ကျွန်တော်တို့ကိုဘတ်ဂျက်ကချလည်းမပေးဘူးဆိုတော့ လောလောဆယ်မှာအားလုံးရပ်နေတယ်၊ **ဘာမှရှေ့မတိုးပါဘူး။ လတ်တလော ရပ်နေတဲ့အနေထားပါ၊** သူတို့က ဆောင်ရွက်ရန် မသင့်ပါ ဆိုပြီး ပြောထားတဲ့ကြားကနေပြီးတော့ ဒီဘက်ဌာနကဘာတွေလုပ်နေလဲလို့ ကျွန်တော်တို့ကို မေးတဲ့အခါကျတော့ဘာမှမလုပ်ပါဘူးဗျာ ရပ်ထားပါတယ်လို့ ပြောလိုက်ပါတယ်"ဟု ယင်းကဆိုသည်။

**တူရကီနိုင်ငံ Karadeniz Holding ကုမ္ပဏီပိုင် Onur Sultan အမည်ရှိ ဓာတ်အားပေး သင်္ဘောသည် ရန်ကုန်မြို့၏နွေရာသီကာလအတွင်း လိုအပ်မည့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရန် မြန်မာနိုင်ငံသို့ ၂၀၁၇ ခုနှစ်ဧပြီလ အတွင်း ရောက်ရှိလာရန် စီစဉ်ထားခဲ့သည်။**

**ရန်ကုန်မြစ်အတွင်းထားရှိရန်**

ဓာတ်အားပေးသင်္ဘောကို **သန်လျင်မြို့နယ် သီလဝါဆိပ်ကမ်းတွင် အခြေစိုက်ပြီး ရန်ကုန်မြစ်အတွင်း ထားရှိကာ သင်္ဘောပေါ်မှ ဓာတ်အားပေးလိုင်းမှ တစ်ဆင့် ရန်ကုန်မြို့သို့ ငါးနှစ်ကြာဖြန့်ဖြူးနိုင်ရန် ရည်ရွယ်ထားကြောင်း** Karadeniz Holding ကုမ္ပဏီက သတင်းထုတ်ပြန်ခဲ့သည်၊ အစိုးရနှင့် သဘောတူညီမှု အမြို့ယူထားပြီးနောက်ကုမ္ပဏီဘက်မှ ပြည်တွင်းမီဒီယာများအား တူရကီသို့ခေါ်ယူ၍ အဆိုပါသင်္ဘောနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ထုတ်ပြန်ပြီးလည်းဖြစ်သည်။

တူရကီကုမ္ပဏီသို့ ပေးဆောင်ရမည့် **လျှပ်စစ်ဓာတ်အားခမှာ စတင်ဆွေးနွေးစဉ်က တစ် မဂ္ဂါဝပ်လျှင် ကောက်ခံမည့်ငွေမှာ အမေရိကန်ဒေါ်လာ ၁၀၀ ကျော် ဖြစ်ကြောင်း၊ နှစ်ဖက်အကြိုသဘော တူညီမှု ရရှိထားခဲ့ပြီးနောက် နေပြည်တော်တွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း နှစ်ဖက်သဘောတူစာချုပ်ကို ချုပ်ဆိုသွားရန် ခန့်မှန်းခဲ့ကြသော်လည်း ယနေ့တိုင် ချုပ်ဆိုနိုင်ခြင်း မရှိကြောင်း**လည်း သိရသည်။

**သဘောထားကြီးကြီးဖြင့်စောင့်နေ**

"အဲ့ဒီ **တူရကီသင်္ဘော ရေချိတ်နားက ဆိုရင် သူတို့နိုင်ငံသမ္မတ အာဒိုဂန်တောင်တက်ခဲ့တာ**လေ။ လောလောဆယ်တော့ သူတို့လည်း သဘောထားကြီးကြီးနဲ့ စောင့်နေတာပေါ့လေ၊ ကျွန်တော်တို့မှာ ဘတ်ဂျက်မရှိလို့လို့ပြောထားတယ်၊ သူတို့ကလည်း သဘောထားကြီးကြီးနဲ့ စောင့်နေတယ်။ ပိုက်ဆံရှိမှချုပ်နိုင်မယ်လေ၊ ကျွန်တော်တို့ ဒီဓာတ်အားဝယ်ဖို့အတွက် ဘတ်ဂျက်ပေး၊ ဘတ်ဂျက်ပေးရင် ကျွန်တော်တို့ကစာချုပ်ချုပ်၊ ကျွန်တော်တို့ကို ဘတ်ဂျက်မပေးရင် ဝယ်လို့မရဘူး၊ ဝယ်ပြီးရင် ကျွန်တော်တို့ရဲ့ ဘက်ထဲဝင်ပြီးရင် သူတို့ကိုပြန်ပြီးပေးချေလို့မရဘူး။ ဆိုလိုတာက ကျွန်တော်တို့က အစိုးရဌာနဖြစ်နေတော့ မိမိတို့ဝင်ငွေနဲ့ မိမိထွက်ငွေနဲ့ စီမံဘဏ္ဍာမှာ တောင်းရတာယ်လေ။ အဲ့ဒီမှာတောင်းတော့ သူက ပိုက်ဆံမပေးနိုင်ဘူးတဲ့။ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေလိုငွေပြနေတဲ့အတွက် ပေးလို့မရဘူးဆိုတော့ ရပ်ထားရတာပေါ့၊ အဲဒီလို ဖြစ်နေတာ"ဟု ဦးခင်မောင်ဝင်းက ရှင်းပြသည်။

မိမိတို့ ဌာနအနေဖြင့် **အများ ပြည်သူအတွက်နွေရာသီတွင် လျှပ်စစ်အခက်ခဲဖြစ်မည်စိုးရိမ်သောကြောင့် အမြန်ဆုံးစီစဉ်ရခြင်းဖြစ်ကြောင်း၊ သို့သော်လည်း အဆင်မပြေသောကြောင့်လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရှိရေအား၊ လျှပ်စစ်တာဘိုင်တို့ဖြင့် မျှတပေးဝေသွားမည်ဖြစ်ကြောင်း** ယင်းကဆိုသည်။

လာမည့်နွေရာသီတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း **တစ်နေ့လျှင် လျှပ်စစ်လိုအပ်ချက် ၁၂၀၀ မဂ္ဂါဝပ်ရှိမည်ဖြစ်သောကြောင့် ယင်း လျှပ်စစ်ဝန်အား မရရှိနိုင်သည့်အတွက် လျှပ်စစ်ပြတ်တောက်မည့် အခြေအနေ အနည်းငယ်ရှိကြောင်း**လည်း အဆိုပါ ဝန်ကြီးဌာနမှ သိရသည်။

"လက်ရှိ ရေအားအနေအထားအရလည်းပဲ တမံတွေထဲမှာ ရေကအမြင့်မှာရှိနေတာဆိုတော့ လက်ရှိမှာ ပေးနိုင်ပါတယ်၊ **နွေရာသီရောက်လာရင် ရေကတဖြည်းဖြည်းနဲ့ကျကျလာတော့ ရေအားစက်ရုံတွေကလည်း မထွက်တော့ဘူး၊ မီးကတော့ပျက်ဖို့တော့ အလားအလာရှိတယ်**ဗျ"ဟု ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ပြောသည်။ ဓမငယ်


ဓာတ်ပုံ - နှင်းနုဝေ




www.free4reader.com




# တရုတ်ရိုးရာမီးအိမ်ပွဲတော်၌ မီးများတပ်ဆင်ထားသော မောင်းသူမဲ့ယာဉ် ၁၀၀၀ ကို လွှတ်တင်ကာ ကမ္ဘာ့စံချိန်တင်



တရုတ်နိုင်ငံတောင်ပိုင်းရှိ မြို့တစ်မြို့တွင် ကျင်းပပြုလုပ်သည့် **ရိုးရာမီးအိမ်ပွဲတော်၌ မီးများတပ်ဆင်ထားသောမောင်းသူမဲ့ယာဉ် ၁၀၀၀ ကို ကောင်းကင်ယံသို့ လွှတ်တင်ကာ** ကမ္ဘာ့ဂင်းနက်စ်စံချိန်တင်နိုင်ခဲ့သည်ဟု သိရသည်။

ကွမ်တုံပြည်နယ် ကွမ်ကျိုးမြို့တွင် ထန်ဟီခရိုင်အာဏာပိုင်များနှင့် မောင်းသူမဲ့ယာဉ်ထုတ်လုပ်သူ Ehang တို့က ဦးဆောင်၍ ပွဲကိုကျင်းပခဲ့ခြင်းဖြစ်သည်။ မောင်းသူမဲ့ယာဉ်များကို Haixinsha ရင်ပြင်မှ **အမြင့်ပေ ၃၂၈ ပေကျော်အထိ ပျံသန်းစေခဲ့ပြီး ပုံသဏ္ဌာန်အမျိုးမျိုး ပြုလုပ်စေခဲ့သည်။ ၂၀၁၇ ဂဏန်းများပုံ၊ ကြက်ဖပုံ၊ တရုတ်မြေပုံ၊ ကံကောင်းမှုနှင့် ပျော်ရွှင်မှုကို ကိုယ်စားပြုသော တရုတ်စာလုံး fu နှင့် ၁၀၀၀ ဂဏန်းပုံတို့ပါဝင်ခဲ့သည်။** မောင်းသူမဲ့ယာဉ်အများဆုံး တစ်ပြိုင်တည်းလွှတ်တင်မှုဖြင့် ကမ္ဘာ့ဂင်းနက်စ်စံချိန်တင်နိုင်ခဲ့ပြီး ယခင်စံချိန်မှာ ဂျာမနီနိုင်ငံရှိ ဘောလုံးကွင်းတစ်ခုတွင် နည်းပညာကုမ္ပဏီတစ်ခုက မောင်းသူမဲ့ယာဉ် ၅၀၀ ကို တစ်ပြိုင်တည်းလွှတ်တင်ကာ စံချိန်တင်ထားခြင်းဖြစ်သည်။

ကွမ်ကျိုးမြို့တွင် မောင်းသူမဲ့ယာဉ်များသည် **၃၉၄ ပေအမြင့်အထိ ရောက်ရှိခဲ့ပြီး** မောင်းသူမဲ့ယာဉ်များ ဖြန့်ကြက်မှုမှာ ၉၁၉ ပေရှည်၍ ၅၉၁ ပေအကျယ်ရှိခဲ့သည်။ ယာဉ်များ၏လှုပ်ရှားမှုအားလုံးကို မြေပြင်မှကွန်ပျူတာတစ်လုံးတည်းက ထိန်းချုပ်ခဲ့ခြင်းဖြစ်ပြီး ယာဉ်များ၏သွားလာမှုကိုထိန်းချုပ်ခြင်းနှင့် မီးရောင်ပြောင်းလဲမှုများအားလုံးကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ မောင်းသူမဲ့ယာဉ်များ၏ပါဝင်ဖျော်ဖြေမှုများကြောင့် ပွဲတော်မှာပိုမိုစည်ကားသိုက်မြိုက်ခဲ့သည်။ **ရိုးရာမီးအိမ်ပွဲတော်ကို မီးရှူးမီးပန်းများဖြင့်သာ ကျင်းပလေ့ရှိပြီး ပွဲလာဧည့်သည်များက ဆူညံ၍အန္တရာယ်များသည့် မီးရှူးမီးပန်းများထက်စာလျှင် မောင်းသူမဲ့ယာဉ်များက ပိုမိုကောင်းမွန်သည်ဟု ဆိုခဲ့ကြကြောင်း** သိရသည်။

(AP,16.1.17) မေဖွန်

# ပြင်သစ်နိုင်ငံမှ ထူးထူးခြားခြား သံပရိုသီးပွဲတော်



ပြင်သစ်နိုင်ငံ၊ မန်တန်မြို့မှာ သံပရိုသီးတွေ၊ လီမွှော်သီးတွေ၊ သံပရာသီးတွေ အသုံးပြုပြီး အလှဆင်ယင်ထားတဲ့ အနုပညာပြကွက်တွေနဲ့ ဖန်တီးအလှဆင်ထားတဲ့ သံပရိုသီးပွဲတော်ကို ဖေဖော်ဝါရီလ ၁၁ရက်ကနေ မတ်လ ၁ရက်နေ့သိ ခင်းကျင်းပြသထားပြီလို့ သိရပါတယ်။ သံပရာမျိုးနွယ်ဝင်တွေဖြစ်ကြပြီး **ပျော်ရွှင်လန်းဆန်းမှုကို ကိုယ်စားပြုတဲ့ အဝါရောင်သံပရိုသီးတွေ အများအပြားအသုံးပြုထားတဲ့အပြင် လီမွှော်သီးတွေ၊ သံပုရာသီးတွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင် အလှဆင်ထားကြတာဖြစ်ပါတယ်။**

ဒီလိုအချဉ်ဓာတ်ကဲတဲ့ အသီးတွေနဲ့အလှဆင်ဖန်တီးဖို့ **အသီးတန်ချိန်ပေါင်း ၁၄၅ တန် အသုံးပြုထားပြီး ပညာရှင် ၃၀၀ ခန့်က ဖန်တီးပြသခဲ့ကြတာဖြစ်**ပါတယ်၊ ဒီသံပရိုသီးပွဲတော်ကို ၁၉၃၄ **ခုနှစ်ကတည်းက နှစ်စဉ်ကျင်းပလာခဲ့တာဖြစ်ပြီး** နှစ်ပဉ်နှစ်တိုင်း ကမ္ဘာတဝန်းက လာရောက်ကြည့်ရှုသူ ၂၃၀၀၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။ ပွဲတော်အတွက် သံပရိုသီးတွေနဲ့ အလှဆင်ထားတဲ့ ပြကွက်တွေနဲ့ စီတန်းလှည့်လည်တာ တွေလည်း ပြုလုပ်ခဲ့ကြတယ်လို့ သိရပါတယ်။

(PD, 18.2.17) သံသာ




www.free4reader.com

# ရွာအပြင်ဘက် အခြားတစ်နေရာသို့ သွားလိုလျှင် ကြိုးဖြင့်သာသွား၍ရသည့် ရွာ





တရုတ်နိုင်ငံ ရှန်စီပြည်နယ်ရှိ ဘိုမှု ရွာသည် လမ်းမရှိသည့် တစ်မှုတည်းသောရွာဖြစ်သည်။ ထိုနေရာတွင် **မိသားစု ကိုးစု နေထိုင်ပြီး၎င်းတို့သည် ရွာအပြင်ဘက်သို့ သွားလိုလျှင် ကေဘယ်ကြိုးဖြင့်သာသွားလာကြရသည်၊** ယခင်ကမူ ၎င်းတို့အတွက် တစ်ခုတည်းသောငွေဝင်လမ်းသည် သစ်သီးပင် စိုက်ပျိုးခြင်းဖြစ်သည်။ သို့သော် ၎င်းတို့သည်ထိုနေရာမှ မပြောင်းရွှေ့လိုကြပေ၊ အကြောင်းမှာ ၎င်းတို့သည် ခရီးသွားလုပ်ငန်းကြောင့် ဝင်ငွေ အေးအေးဆေးဆေးရနေ၍ဖြစ်သည်။ **မြို့ပြမှလူများသည် ရွာသို့လာကာ နက်ရှိုင်းလှသည့် လျှိုမြောင်ကြီးများကို သွယ်တန်းထားသည့် ကြိုးကိုစီးပြီးလေကောင်းလေသန့်ရှူရှိုက်ကြသည်၊ ရွာသားများသည် တည်းခိုခန်းများဖွင့်ကာ မိသားစုတစ်စုလျှင် ထိုလုပ်ငန်းမှ တစ်နှစ်လျှင် ဒေါ်လာ ၁၅၀၀၀ ခန့်ရရှိကြသည်၊ ကားလမ်း ဖောက် ပေးမည့် အစီအစဉ်ကိုလည်း ရွာသားများက ကန့်ကွက်ကြသည်၊** အကြောင်းမှာ ကားလမ်းဖောက်လိုက်လျှင် အဖိုးတန် ထင်းရှူးပင်များ သိမ်းကျသွားမည်ဖြစ်၍ပင်၊

(CCTV, 17.2.17) ချယ်ရီ




# ၃၆၀ ဒီဂရီ လည်ပတ်နိုင်သောမိုးမျှော်တိုက်ကို ဒူဘိုင်းတွင် ၂၀၂၀ ပြည့်နှစ် အပြီးဆောက်လုပ်မည်






ဒူဘိုင်းတွင် အသစ်ဆောက်လုပ်မည့် Dynamic Tower Hotel မိုးမျှော်ဟိုတယ်ကို **၃၆၀ ဒီဂရီ လည်ပတ်နိုင်သော မိုးမျှော်တိုက်အဖြစ် ဆောက်လုပ်သွားမည်ဖြစ်**သည်ဟု သိရသည်။

မိုးမျှော်တိုက်တွင် နေထိုင်သူများအတွက် နေဝင်နေထွက် ရှုမျှော်ခင်းများကို အကန့်အသတ်မရှိ ကြည့်ရှုခံစားနိုင်ရန် ရည်ရွယ်၍ ဆောက်လုပ်မည်ဖြစ်ပြီး ၂၀၀၈ ခုနှစ်ကတည်းက ဆောက်လုပ်ရေးလုပ်ငန်းများ စတင်နေသောကြောင့် **၂၀၂၀ ပြည့်နှစ်တွင် အပြီးသတ်ဆောက်လုပ်သွားနိုင်ရန်** မျှော်မှန်းထားသည်။ မိုးမျှော်တိုက်ကြီး၏ **အထပ်တစ်ထပ်နှင့်တစ်ထပ်ကြားတွင် လေစွမ်းအင်သုံး တာဘိုင်များကို အလျားလိုက်ထားရှိထားပြီး အထပ်တစ်ထပ်စီ၏ အမိုးများတွင် ဆိုလာပြားများကိုလည်း တပ်ဆင်ပေးထားသော ကိုယ်ပိုင်စွမ်းအင်ကို အသုံးပြုနိုင်မည်ဖြစ်သည်၊** အဆောက်အအုံကို လျှပ်စစ်မီးပေးနိုင်ရန် လောင်စာစွမ်းအင်မလိုအပ်ဘဲ နေစွမ်းအင်သုံး တာဘိုင် ၇၉ လုံးကိုသာ အသုံးပြုသွားမည်ဟု ၂၀၁၃ ခုနှစ်က ဆိုခဲ့ဖူးသည်၊ မိုးမျှော်တိုက်ဆောက်လုပ်မည့် Dynamic Group က ဟိုတယ်ဟာစ်နယ်ဟက် ပိုမိုထူးခြားသော အတွေ့အကြုံများရရှိအောင် ဝန်ဆောင်မှုများပေးသွားမည်ဟု ဆိုခဲ့သည်။ ဟိုတယ်ကြီး၏ အမျိုးအစိတ်အပိုင်းများကို လူနေအိမ်ခန်းအဖြစ် ရောင်းချပေးသွားမည်ဖြစ်ပြီး တစ်ခန်းလျှင် ဒေါ်လာ သန်း ၃၀ ကုန်ကျမည်ဖြစ်သည်။

အစွရေး-အီတလီ ဗိသုကာပညာရှင် ဒေးဗစ်ဖစ်ရှာသည် လွန်ခဲ့သည့် ၉ နှစ်ခန့်က Dynamic Tower ၏ ဒီဇိုင်းကို ဟင်ပြခဲ့ခြင်းဖြစ်ပြီး ကြိုတင်ဆောက်လုပ်ထားသည့် အစိတ်အပိုင်းများကို တစ်ခုနှင့်တစ်ခု ချိတ်ဆက်ကာ လည်ပတ်နိုင်သည့် မိုးမျှော်တိုက်အဖြစ် ဖန်တီးတည်ဆောက်သွားမည်ဟု သိရသည်။ ရှင့်ပြုချက်စောင့်ဆိုင်းခြင်းနှင့် ရေပိုက်ပြဿနာကဲ့သို့သော အတွင်းပိုင်း ဆောက်လုပ်ရေးပြဿနာများကြောင့် မိုးမျှော်တိုက်ဆောက်လုပ်မည့်အစီအစဉ်သည် နှောင့်နှေးနေခဲ့ခြင်းဖြစ်သည်။ **အထပ်ပေါင်း ၈၀ ရှိသည့် မိုးမျှော်တိုက်ဆောက်လုပ်မှုအတွက် ဒေါ်လာ ၄၄၄ သန်းကုန်ကျမည်ဟု** ခန့်မှန်းထားကြောင်း သိရသည်၊

(DM,17.2.17) မေဖွန်

www.free4reader.com

# ဒူဘိုင်းတွင် မောင်းသူမဲ့ကောင်းကင်ယံသွားယာဉ်များကို တက္ကစီအဖြစ် စတင်ပြေးဆွဲတော့မည်



အမေရိကန်နိုင်ငံတွင် မောင်းသူမဲ့ ကောင်းကင်ယံကားများကိုစမ်းသပ်နေကြဆဲဖြစ်သော်လည်း ဒူဘိုင်းတွင် လာမည့်ဇူလိုင်လ၌ ခရီးသည်တစ်ဦးတင်ဆောင်သွားနိုင်သော မောင်းသူမဲ့ကောင်းကင်ယံသွားယာဉ်များကို စတင်ပြေးဆွဲတော့မည်ဖြစ်သည်ဟု သိရသည်။

ဒူဘိုင်းလမ်းပန်းနှင့် ခရီးသွားလာရေးအေဂျင်စီက ယာဉ်ကြောပိတ်ဆို့မှုများလျှော့ချရန်အတွက် ရေရှည်စီမံကိန်းတစ်စိတ်တစ်ပိုင်းအနေဖြင့် တရုတ်နိုင်ငံထုတ် မောင်းသူမဲ့ ကောင်းကင်ယံသွားယာဉ်များကို တက္ကစီများအဖြစ် ယခုနှစ်လယ်ပိုင်းမှ စတင်ပြေးဆွဲရန် မျှော်လင့်ထားသည်ဟု ဆိုခဲ့သည်။ မောင်းသူမဲ့တက္ကစီများအတွက် ယာဉ်အမျိုးမျိုး အသုံးပြုသွားရန်မျှော်လင့်ထားသော်လည်း ၂၀၃၀ ပြည့်နှစ်တွင် သယ်ယူပို့ဆောင်ရေး၌ မောင်းသူမဲ့ ကောင်းကင်ယံသွားယာဉ်များကို ၂၅ ရာနိုင်နှုန်းအထိ အသုံးပြုသွားနိုင်ရန်မျှော်လင့်ထားသည်။

World Government Summit တွင် ပြသခဲ့သော ကောင်းကင်ယံသွားယာဉ်များသည် ပုံစံငယ်သက်သက်သာမဟုတ်ဘဲ ဒူဘိုင်းကောင်းကင်ယံတွင်စမ်းသပ်ခဲ့ပြီးဖြစ်သည်ဟု သိရသည်။ EHang 184 ယာဉ်ကို တရုတ်ကုမ္ပဏီ EHang က ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ဒလက်လေးခု ဖြင့်သွားသည့်ယာဉ်ဖြစ်သည်။

ခရီးသည်က ယာဉ်ထဲဝင်လိုက်သည်နှင့် ထိတွေ့ဖန်သားပြင်ထဲတွင် မိမိသွားလိုသည့်ခရီးကို ရွေးချယ်နိုင်သည်။ ယာဉ်သည် အမြင့်ပေ ၁၀၀၀ တွင် တစ်နာရီမိုင် ၆၀ နှုန်းဖြင့်သွားနိုင်ပြီး ခရီးစဉ်များကို မိနစ် ၃၀ ကျော်ကြာသည်အထိပြေးဆွဲပေးနိုင်သည်၊ ယာဉ်များမှာ နှစ်နာရီအတွင်း အားပြန်ဖြည့်နိုင်ပြီး မြေပြင်ထိန်းချုပ်ရေးစခန်းမှတာဝန်ရှိသူများက ယာဉ်များကို ထိန်းချုပ်စောင့်ကြည့်မှုများပြုလုပ်နေမည်ဖြစ်သည်ဟု သိရသည်။

(DM,16.1.17) မေဇွန်




# ဝတ်မှုန်ကူးပေးမည့်ပျားများ ရှားပါးလာသဖြင့် ဝတ်မှုန်ကူးပေးမည့် နှစ်လက်မအရွယ် ဒရုန်းတီထွင်





ပျားများ ရှားပါးသည်ထက်ရှားပါးလာသဖြင့် ဝတ်မှုန်ကူးပေးမည့် သတ္တဝါငယ်များ နည်းပါးလာသည်ကို အများက စိုးရိမ်ပူပန်နေကြသည်၊ ထို့ကြောင့် ဂျပန်သိပ္ပံပညာရှင်တစ်ဖွဲ့က နည်းပညာကို သုံးလာကြသည်။ ၎င်းတို့က ဝတ်မှုန် ကူးပေးမည့် ဒရုန်းများကို တီထွင်လိုက်ခြင်းဖြစ်သည်၊ ထိုဒရုန်းကပန်းတစ်ပွင့်မှ ဝတ်မှုန်ကို ယူသွားမည်ဖြစ်ပြီး အခြားပန်းတစ်ပွင့်တွင်ချပေးသွားမည်ဖြစ်သည်၊ သို့သော်လည်း အဆိုပါကိရိယာသည် ပျားနေရာကိုအပြည့်အဝ မယူနိုင်ပေ။ သို့သော်လည်း ဝတ်မှုန်ကူးခြင်းလုပ်ငန်းစဉ်ကိုအတိုင်းအတာတစ်ခုအထိ ကူညီထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။

နှစ်လက်မခန့်ရှိသည့် ယင်းဒရုန်း၏အောက်ဘက်တွင် တိရစ္ဆာန်အမွေး ကပ်ထားပြီး ထိုအမွေးတွင် ကပ်စေးစေး ဂျဲလ်သုတ်ထားသည်၊ စက်ကဂျပန်လီလီပန်းအနီး ပျံသန်းသွားသည့်အခါ ဝတ်မှုန် ကပ်ပါလာသည်။ ယင်းဝတ်မှုန်ကို အခြားလီလီပန်းပွင့်တစ်ခုထဲတွင် ချပေးသွားမည်ဖြစ်သည်၊ သို့သော်လည်း ထိုဒရုန်းကို ထုတ်လုပ်ဖြန့်ဖြူးရန် အဆင်သင့်မဖြစ်သေးပေ။ ဒရုန်းတွင် ဂျီပီအက်စ်၊ စက်ရုပ်ဉာဏ်ရည်နှင့် အရည်အသွေးမြင့် ကင်မရာများတပ်ဆင်သွားရဦးမည်ဖြစ်သည်။ ပြီးလျှင် စက်သည် ပျားများကဲ့သို့ ပန်းပွင့်ထဲသို့လည်း ဝင်သွားရဦးမည်ဖြစ်သည်၊

(DM, 18.2.17) ချယ်ရီ

www.free4reader.com

# ထိုင်ဝမ်၏အကောင်းဆုံးကုန်ပစ္စည်းသစ်များ ဆုချီးမြှင့်ပွဲ (Taiwan Excellence Award) ကျင်းပ

ထိုင်ဝမ်ရှိ စီးပွားရေးရာဝန်ကြီးဌာနနှင့် ထိုင်ဝမ်ပြည်ပကုန်သွယ်မှုဖွံ့ဖြိုးရေးကောင်စီ (Taiwan External Trade Development Council) (TAITRA) တို့က ရွေးချယ်ချီးမြှင့်သည့် ၂၅ ကြိမ်မြောက် **ထိုင်ဝမ်၏အရည်အသွေးမြင့် အကောင်းဆုံးကုန်ပစ္စည်းသစ်များ ဆုချီးမြှင့်ပွဲ (2007 Taiwan Excellence Award)** ကို ထိုင်ဝမ်ကျွန်း၊ တိုင်ပေမြို့ရှိ TAITRA အဆောက်အအုံ၌ ၁၅-၂-၂၀၁၇ ရက်က ကျင်းပရာ ထိုင်ဝမ်ဒုတိယသမ္မတ Mr. Chen Chien-Jen နှင့် ဝန်ကြီးများ၊ TAITRA မှ တာဝန်ရှိသူများ၊ အထူးဧည့်သည်တော်များနှင့် ဆုရရှိသူများ တက်ရောက်ခဲ့ကြသည်။



ဆုချီးမြှင့်ပွဲ၌ ထိုင်ဝမ်ဒုတိယသမ္မတ Mr. Chen မိန့်ခွန်းပြောကြားနေစဉ်



ထိုင်ဝမ်ဒုတိယသမ္မတ၊ တာဝန်ရှိသူများနှင့် Gold Award ဆုရသူများ အမှတ်တရ

ယင်းအခမ်းအနားသို့ ထိုင်ဝမ်မှ မီဒီယာများနှင့်အတူ **နိုင်ငံတကာမှ အထူးဖိတ်ကြားခြင်းခံရသည့် မီဒီယာများ** တက်ရောက်ကြရာ ဂျာမနီ၊ အင်္ဂလန်၊ အီတလီ၊ နယ်သာလန်၊ စပိန်၊ ဟန်ဂေရီ၊ ရိုမေးနီးယား၊ ဘူလ်ဂေးရီးယား စသည့် **ဥရောပ**နိုင်ငံများနှင့် အိန္ဒိယ၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင် စသည့် အာရှနိုင်ငံများ **စုစုပေါင်း ၁၆ နိုင်ငံမှ စာနယ်ဇင်းဆရာ ၁၉ ဦး တက်ရောက်လေ့လာခဲ့ကြသည်။ မြန်မာနိုင်ငံမှ ပြည်မြန်မာ သတင်းဂျာနယ်နှင့် Myanmar Business Today ဂျာနယ်တို့မှ အယ်ဒီတာချုပ်များ** တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

ထိုင်ဝမ်နိုင်ငံရှိ ကုမ္ပဏီများ၏ နှစ်စဉ်ထုတ်လုပ်သည့် **ကုန်ပစ္စည်းသစ်များမှ အရည်အသွေးမြင့်မားမှုစိတ်ကူးစိတ်သန်းကောင်း၍ တီထွင်ဆန်းသစ်နိုင်မှု၊ လူအများအတွက် အထူးအသုံးဝင်ပြီး ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်နိုင်ရန် အလားအလာရှိမှုနှင့် စနစ်တကျသုတေသနလုပ်ဆောင်ထားမှုတို့အပေါ်** အခြေခံ၍ အဆင့်ဆင့် စနစ်တကျရွေးချယ်ပြီး ၁၉၉၃ ခုနှစ်မှစ၍ **နှစ်စဉ်ချီးမြှင့်လျက်ရှိရာ** ယခုနှစ်တွင် ၂၅ ကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်သည်။

ယခုနှစ်၌ **ရွှေဆု (Gold Award) ဆုရရှိသည့်ပစ္စည်းသစ် ၁၀ မျိုးနှင့် ငွေဆု (Silver Award) ဆုရရှိသည့်ပစ္စည်းသစ် ၂၀ မျိုးအတွက်** သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများအား ထိုင်ဝမ်ဒုတိယသမ္မတနှင့် စီးပွားရေးရာဆိုင်ရာ ဝန်ကြီးတို့က ချီးမြှင့်ခဲ့သည်။ အထူးသဖြင့် ယခုနှစ်တွင် အဆင့်မြင့်နည်းပညာ၊ ဆေးကုသမှု၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဖျော်ဖြေရေးဆိုင်ရာ ပစ္စည်းသစ်များနှင့် လူသုံးကုန်ပစ္စည်းသစ်များ ချီးမြှင့်ခံရကြောင်း သိရသည်။

နိုင်ငံတကာမှ မီဒီယာအဖွဲ့သည် ၁၃-၂-၂၀၁၇ ရက်မှ ၁၇-၂-၂၀၁၇ ရက်အထိ **တိုင်ပေမြို့နှင့် တိုင်ချွန်း (Taichung) မြို့ရှိ ဆုရပစ္စည်းများထုတ်လုပ်နိုင်သည့်ကုမ္ပဏီကြီးများနှင့် စက်ရုံများသို့သွားရောက်လေ့လာခဲ့ကြောင်း** သိရှိရသည်။



ဆုချီးမြှင့်ပွဲအပြီး ဆုရကုန်ပစ္စည်းသစ်များကို နိုင်ငံတကာမှသတင်းမီဒီယာများအား ပြသ

**TAITRA** အဖွဲ့သည် အစိုးရနှင့် **ဆက်စပ်အဖွဲ့အစည်းတစ်ခုဖြစ်၍** ၁၉၇၀ ခုနှစ်ကစ၍ ထိုင်ဝမ်၏ နိုင်ငံခြား ကုန်သွယ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အစိုးရ၊ စက်မှုအဖွဲ့အစည်းများနှင့် ကုန်သွယ်မှုအဖွဲ့များ၏အထူးအားပေးခြင်း ခံရသောအဖွဲ့ကြီးဖြစ်သည်။ ယခုကဲ့သို့ နှစ်စဉ်ချီးမြှင့်ခဲ့ခြင်းဖြင့် **ထိုင်ဝမ်မှ အရည်အသွေးမြင့်ထုတ်ကုန်သစ်များ ပိုမိုထွန်းကားလာပြီး ထိုင်ဝမ်၏ ထုတ်ကုန်ပစ္စည်းများကိုလည်း ကမ္ဘာ့အနှံ့တွင် တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း** သတင်းရရှိသည်။ ဝဝဝ


Taichung မြို့ရှိ Hiwin Technologies Corp ရုံးချုပ်၌လည်း လေ့လာခဲ့ကြ




www.free4reader.com

Supplement

D



















www.free4reader.com